

ဝန်ဇင်း
Read on the move

# တရားမကျင့်ထုံး ကိုဥပဒေ

## (လက်တွေ့အဖွင့်)

ဦးချမ်းအေး
(ဘီအေ၊ ဘီအယ်လ်)
တရားရုံးချုပ်ရှေ့နေ

# အမှာစာ

ဥပဒေထဲတွင် တရားမကျင့်ထုံး ကိုဓဥပဒေသည် အရှည်ဆုံးနှင့် အရှုပ်ဆုံး ဖြစ်ပါသည်။

ဤစာအုပ်သည် ဤတရားမကျင့်ထုံး ကိုဓဥပဒေ တစ်ရပ်လုံးကို တတ်နိုင်သမျှ အလွယ်တကူ နားလည်သဘောပေါက်စေရန် အလို့ငှာ အဖွင့်သဘော ရှင်းလင်းထားခြင်း ဖြစ်ပါသည်။

တရားမကျင့်ထုံး ကိုဓဥပဒေပါ ပြဋ္ဌာန်းချက်များကို နားလည်စေရုံမျှမက ဤပြဋ္ဌာန်းချက်များကို တရားရုံးများ၌ လက်တွေ့အသုံးပြုရာ၌ သော့ချက်ပမာ အသုံးဝင်အောင် စီစဉ်ထားခြင်း ဖြစ်ပါသည်။

ဤစာအုပ်ကို အိန္ဒိယမှ ဥပဒေပညာရှင်ကြီး "ဒီအက်ဖ်မူလာ" ရေးသားသော တရားမကျင့်ထုံး ကိုဓဥပဒေအကျဉ်းချုပ်စာအုပ်ကို မှီငြမ်းရေးသားခြင်း ဖြစ်ပါသည်။ မစ္စတာမူလာ၏ စာအုပ်သည် အိန္ဒိယပြည်၌ လက်တွေ့ကျင့်သုံးခန်းများကို အလေးပေးထားခြင်း ဖြစ်ပါသည်။ ဤစာအုပ်သည် မြန်မာနိုင်ငံကျင့်ထုံး၊ လုပ်ထုံးများကို ထပ်မံဖြည့်စွက်ထား၍ ဥပဒေလိုက်စား လေ့လာသူတိုင်းအတွက် အသုံးဝင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

အလျဉ်းသင့်သည့်အခါတွင် တရားမမှုနှင့် စပ်လျဉ်းသော မြန်မာနိုင်ငံစီရင်ထုံးများကို တိုက်ဆိုင်သလို ဖြည့်စွက်သွားပါမည်။

ဥပဒေစကားလုံးများ ဘာသာပြန်မှုသည် ပြီးပြည့်စုံခြင်း

မရောက်ရှိသေးသည်မှာ လူတိုင်းအသိ ဖြစ်ပါသည်။ ထိုစကားလုံးများကို ဘာသာပြန်ပြီးဖြစ်က ၎င်းအတိုင်း သုံးနှုန်း၍ မပြန်ရသေးဖြစ်ပါမူ အသစ်တီထွင် သုံးစွဲထားပါသည်။ သင့်တင့်ရာ အင်္ဂလိပ်စကားလုံးများကိုလည်း အောက်ခြေ၌ ဖော်ပြထား၍ နားရှုပ်စရာမရှိဟု ထင်မြင်မိပါသည်။

မည်သို့ပင် ဖြစ်စေ အမှားအယွင်း ချို့ယွင်းချက်များ ရှိပါမူ စာရေးသူ၌သာ လုံးဝတာဝန်ရှိပါသည်။ စာမူကို သေသပ်စွာ လက်နှိပ်စက်ရိုက်ပေးကြသော မောင်သောင်းရွှေ၊ မောင်ကြည်စိန်နှင့် မောင်လှဝင်းတို့ကို အထူးကျေးဇူးတင်ပါသည်။ ဤစာအုပ်ကို ကြာရှည်ထိန်းသိမ်းထားနိုင်သည်အထိ သေသပ်စွာ ရိုက်နှိပ်ထုတ်ဝေပေးသူကို ကျေးဇူးတင်ကြောင်း ဖော်မပြဘဲ ချန်လှပ်ထားခဲ့မိလျှင် စာရေးသူ၌ တာဝန်ကျေလိမ့်မည် မဟုတ်ပါ။

**ချမ်းအေး**

**မော်လမြိုင်မြို့**

**မတ်လ ၆ ရက်၊ ၁၉၇၁ ခုနှစ်။**

*

အခန်း (၁)

# ပဏာမရှင်းလင်းခန်း

ဥပဒေနယ်ပယ်သည် "လူ့လောကကျင့်ဝတ် (Ethics)" နယ်ပယ်နှင့် ခြားနားသည်။ လူ့လောကကျင့်စဉ်သည် "လိမ်လည်ဖြားယောင်းမှုသား (Falsehood)" မှန်သမျှကို ရှုတ်ချ၏ ။ ဥပဒေသည် ဤသို့မဟုတ်ပေ။ လိမ်လည်ဖြားယောင်း မှုသားတိုင်းကို မရှုတ်ချပေ။ နိုင်ငံတော်၏ ကောင်းမှန်သော အစိုးရကို ထိခိုက်စေသော လိမ်လည်ဖြားယောင်မှုသား အစဉ်တို့ကိုသာ ရှုတ်ချသည်။ ရာဇသတ်ကြီး ဥပဒေကို ပြန်ကြည့်လျှင် ဤဥပဒေအရ အပြစ်ပေးနိုင်သော လိမ်လည်ဖြားယောင်းမှုသားပြုမှုတို့သည် မဟုတ်မမှန် သက်သေထွက်ဆိုခြင်း၊ အတုအပ ပြုလုပ်ခြင်းနှင့် အချို့သော အမှုအခင်းတို့တွင် ပြည်သူ့ဝန်ထမ်းတို့အား မမှန်သတင်းပေးခြင်းတို့ ဖြစ်ကြောင်း တွေ့ရမည်။

သို့ရာတွင် ဥပဒေသည် အချို့သော အခြေအနေများ၌ လူ့လောကကျင့်ဝတ်နယ်ပယ်ထက် ကျော်လွန်ရသည်လည်း ရှိရ၏ ။ ဥပမာ - အင်္ဂလန်နိုင်ငံ၌ မော်တော်ကားမောင်းသူတို့သည် လက်ဝဲကပ်မောင်းရမည်ဟူ၍ စည်းကမ်းရှိ၏ ။ ဤစည်းကမ်းကို ချိုးဖောက်လျှင် အရေးယူခံရမည်၊ မြန်မာနိုင်ငံအပါအဝင် ဥရောပနိုင်ငံတို့တွင် လက်ယာမောင်းစနစ်ကို ကျင့်သုံးလျက် ရှိ၏ ။ ဤစနစ်နှင့် ဖီလာလျှင် အရေးယူခံရမည်၊ စင်စစ်၌ လက်ဝဲမောင်းစနစ် ဖြစ်စေ၊ လက်ယာမောင်စနစ် ဖြစ်စေ လူ့လောကကျင့်ဝတ်သဘောစဉ်ကို ဆန့်ကျင်ကြသည် မဟုတ်ပေ။ သို့အားဖြင့် ဥပဒေသည်

လူ့လောကကျင့်ဝတ်နယ်ပယ်ကို ကျော်လွန်ရသည့်အခါများလည်း ရှိတတ်သည်။

ဥပဒေသက်သက်ကိုပင် ကြည့်ကြဦးစို့။ ဥပဒေကို တရားမဥပဒေနှင့် ရာဇဝတ်ဥပဒေဟူ၍ နှစ်ပိုင်းခွဲနိုင်သည်။ အခြားနည်းအားဖြင့်လည်း ဥပဒေကို နှစ်ပိုင်းခွဲနိုင်ပေသည်။ "အမာခံဥပဒေ (Substantive Law)" ဟူ၍ လည်းကောင်း၊ "နည်းလမ်း စည်းကမ်းဥပဒေ (Adjective Law)" ဟူ၍ လည်းကောင်း ခွဲခြားကြသည်။ အမာခံဥပဒေသည် အခွင့်အရေးနှင့် တာဝန်ဝတ္တရားပိုင်းနှင့် သက်ဆိုင်၍ နည်းလမ်းစည်းကမ်းဥပဒေသည် လက်တွေ့ခန်းကျင့်ထုံး စည်းမျဉ်းများနှင့် သက်ဆိုင်ပေသည်။ "ပဋိညာဉ်အက်ဥပဒေ (Contract Act)" "သီးခြားသက်သာခွင့်ဥပဒေ (Specific Relief Act)" "ပစ္စည်းလွှဲပြောင်းရေးဥပဒေ (Transfer of Property Act)" "ဂေါပကဥပဒေ (Trust Act)" "အမွေဆက်ခံခြင်းဥပဒေ (Succession Act)" တို့သည် အမာခံ ဥပဒေအတွက် ပုံစံနမူနာများ ဖြစ်ကြသည်။ "တရားမကျင့်ထုံး ကိုဒ်ဥပဒေ (Civil Procedure Code)" "တရားမရုံးများဥပဒေ (Civil Court Act)" "စမော်ကော်ရုံးများဥပဒေ (Small Cause Courts Act)" "သက်သေခံအက်ဥပဒေ (Evi-dence Act)" တို့သည် နည်းလမ်းစည်းကမ်း ဥပဒေဆိုင်ရာ သာဓကများ ဖြစ်ကြသည်။

ဤစာအုပ်သည် နည်းလမ်းစည်းကမ်း ဥပဒေပိုင်းနှင့် အဓိက သက်ဆိုင်ပေလိမ့်မည်။ စင်စစ်အားဖြင့် အမာခံဥပဒေပိုင်းကို ရှေးဦးစွာ ကျေညက်ပြီးမှ နည်းလမ်းစည်းကမ်း ဥပဒေပိုင်းကို လေ့လာသင့်သည်။ ထို့ကြောင့် အထက်တွင် ဖော်ပြခဲ့သော အမာခံဥပဒေပိုင်းဆိုင်ရာ ဥပဒေကြီး ငါးခုကို ကျေညက်စွာ ကြိုတင်လေ့လာထားရန် အကြံပေးလိုသည်။ သို့မှသာ တရားမကျင့်ထုံး ကိုဒ်ဥပဒေကို လေ့လာရာ၌ လွယ်ကူလိမ့်မည်။ ကိုဒ်ဥပဒေကို လေ့လာရာ၌ လည်း ဤစာအုပ်တွင် ရှေ့ဆက်ဖော်ပြမည့် နည်းလမ်းစနစ်များအတိုင်း တတ်နိုင်သမျှ နီးနီးစပ်စပ် လိုက်နာသင့်သည်ကို သတိပေးလိုသည်။

ဤစာအုပ်၌ အစီအစဉ်အတိုင်း ရှင်းလင်းဖော်ပြထားပါသည်။ တရားလိုက အမှုစွဲဆိုရန် ဆုံးဖြတ်သည့်မှအစ တရားရုံးချုပ်ကို အဆင့်ဆင့် အယူခံတက်သွားသည်အထိ စီကာစဉ်ကာ ရှင်းလင်းထားသည်။ စံပြအမှုအနေဖြင့် "ပဋိညာဉ်ကို တိကျစွာဆောင်ရွက်စေသည့် အမှု (Suit for Specific Performance)" ဖြင့် ဥပမာပြထားကာ "စွဲဆိုလွှာ (Plaint)" "သမ္မန်စာ (Writ of Summons)" "ချေလွှာ (Written of Statement)" စာရွက်စာတမ်းများနှင့် ပတ်သက်သည့် "ကျမ်းကျိန်လွှာ (Affdavit of Documents)" "မေးလွှာ (Interrogataries)" သက်သေများသို့ ထုတ်ဆင့်သော "သမ္မန်စာ (Summons to witenesses)" "ကောက်ချက် (Issues)" နှင့် "ဒီကရီ (Decree)" တို့ကို ပုံစံများဖြင့် ဖော်ပြရှင်းလင်းထားပေသည်။ ထို့နောက် အမှုကို အယူခံတတ်ပုံ၊ နောက်ဆုံး တရားရုံးချုပ်အထိ အယူခံတတ်ပုံတို့ကို ပုံစံများဖြင့် တရားမကျင့်ထုံး ကိုဒဥပဒေနှင့် တရားမရုံးများ ဥပဒေပါ အရေးကြီးသော ပုဒ်မနှင့် နည်းဥပဒေတိုင်းကိုငုံမိစေလျက် အဆင့်ဆင့် ရှင်းလင်းထားပါသည်။ အချုပ်ကား ဤစာအုပ်သည် သာမန်တရားမမှုတစ်ခု၌ ဆောင်ရွက်လေ့ ဆောင်ရွက်ထရှိသော နည်းလမ်းအစုံကို အကျဉ်းနည်းဖြင့် ကွက်ကွက်ကွင်းကွင်း ပေါ်အောင် ရှင်းလင်းထားခြင်း ဖြစ်ပါသည်။

လက်ရှိ တရားမကျင့်ထုံ ကိုဒဥပဒေကို ၁၉၀၈ ခုနှစ်၌ ပြဌာန်းခဲ့သည်။ ဤဥပဒေသည် ၁၈၈၂ ခုနှစ်၌ ပြဌာန်းခဲ့သော ကိုဒဥပဒေဟောင်းအား အားဖြည့်ထားခြင်း ဖြစ်သည်။ ၁၈၅၉ ခုနှစ်၊ ဇူလိုင်လက တစ်ကြိမ်၊ ၁၈၇၇ ခုနှစ်က တစ်ကြိမ်၊ ၁၈၈၂ ခုနှစ်က တစ်ကြိမ်၊ ၁၉၀၈ ခုနှစ်က တစ်ကြိမ် ကျင့်ထုံး ကိုဒဥပဒေအသီးသီးကို ပြဌာန်းခဲ့သည်။ ၁၈၅၉ ခုနှစ် မတိုင်မီကဆိုလျှင် ဗြိတိသျှအုပ်စိုးသော အိန္ဒိယပြည်၌ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ကျင်ထုံးကျင့်နည်းဥပဒေများ အမျိုးမျိုးရှိခဲ့၏ ။ ဘင်္ဂလားပြည်နယ် တစ်ခုတည်း၌ ပင် "ကျင့်ထုံးကိုဓ (Code)" ၉ မျိုးမျှ တစ်ပြိုင်နက်တည်း ရှိခဲ့သည်။ တစ်ကျောင်းတစ်ဂါထာ၊

တစ်ရွာတစ်ပုဒ်ဆန်းနေခြင်းသည် နှစ်မျိုးဖွယ်ရာ မဟုတ်ဟူ၍ နှလုံးမူမိကာ ၁၈၅၉ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့၌ ကျင့်ထုံးကိုဥပဒေတစ်ရပ်ကို ပြဋ္ဌာန်း၍ ရုံးကျင့်ထုံးအဖြစ် အနာအဆာများကို ကုစားရန် ကြိုးပမ်းခဲ့ပေသည်။ အသို့ပင် ကြိုးပမ်းစေကာမူ ၁၈၅၉ ခုနှစ်၊ ကိုဥပဒေသည် တရားရုံးချုပ်များနှင့် မဆိုင်၍ လည်းကောင်း၊ စမော်ကော်ရုံးများနှင့် မဆိုင်၍ လည်းကောင်း၊ ဒေသတိုင်းနှင့် မဆိုင်၍ လည်းကောင်း အလုံးစုံခြုံမိငုံမိခြင်း မရှိခဲ့ပြန်သဖြင့် ထင်သလောက် အရာမရောက်ခဲ့ပေ။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းစနစ်သည် ပျောက်ခဲ့ခြင်း မရှိခဲ့ပေ။ ထိုအချက်ကို နှလုံးမူမိပြန်၍ ၁၈၅၉ ခုနှစ်၊ ကိုဥပဒေကို ဗြိတိသျှပိုင်း အိန္ဒိယပြည်တစ်ခုလုံးသို့ အာဏာစက်ချဲ့ထွင်ပျံ့နှံ့စေရန် တဖြည်းဖြည်း ကြိုးပမ်းခဲ့လေသည်။ ဟိုက်ကုတ်ခေါ် တရားလွှတ်တော်တိုင်း၌ လည်း ဤကိုဥပဒေ အကျုံးဝင်စေရန် ကြိုးပမ်းခဲ့သည်။ တရားလွှတ်တော်တိုင်းအတွက် “ချာတာ (Charters)” များ အသီးသီး ပြဋ္ဌာန်းပေးခြင်းဖြင့် ၁၈၅၉ ခုနှစ်၊ ကိုဥပဒေကို ၎င်းတို့နှင့်လည်း သက်ဆိုင်စေခဲ့သည်။

သို့ရာတွင် ၁၈၅၉ ခုနှစ်၊ ကိုဥပဒေကပင် ရေးဆွဲပုံ ညံ့ဖျင်းခြင်း၊ မပြည့်စုံခြင်း စသည်တို့ကြောင့် ကိုဥပဒေအသစ်တစ်ရပ်ကို ၁၈၇၇ ခုနှစ် ပြဋ္ဌာန်းခဲ့ရပြန်သည်။ ၁၈၇၇ ခုနှစ်၊ ကိုဥပဒေ ပြဋ္ဌာန်းပြီးနောက် အတွေ့အကြုံသင်ခန်းစာများ အတော်အတန် ရရှိလောက်သည့် အချိန်တွင် ဤကိုဥပဒေကို ပြင်ဆင်ဖြည့်စွက်ရန် အများအပြား လိုနေသေးကြောင်း တွေ့ရှိလာကြပြန်သည်။ သို့နှင့် နောက်ငါးနှစ်အကြာတွင် နောက်ထပ် ကိုဥပဒေသစ်တစ်ရပ်ကို ပြဋ္ဌာန်းခဲ့လေသည်။

ဤကိုဥပဒေကို ၁၈၈၂ ခုနှစ် ကိုဥပဒေဟူ၍ ခေါ်တွင်သည်။ ၁၈၈၂ ခုနှစ် ကိုဥပဒေကို အားဖြည့်ရန် ရည်ရွယ်၍ ယခုလက်ရှိ ကျင့်သုံးနေသော ကိုဥပဒေကို ၁၉၀၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ ဤသည်ကား လက်ရှိ တရားမကျင့်ထုံး ကိုဥပဒေ ဖြစ်ပေါ်ပြောင်းလာပုံ အကျဉ်းချုပ်တည်း။

၁၈၈၂ ခုနှစ်၊ ကိုဒ်ဥပဒေသည် အခန်းပေါင်း ၄၉ ခန်း ပါဝင်၍ တစ်ခန်းတစ်ခန်းတွင် ပုဒ်မပေါင်းများစွာ ပါဝင်သည်။ ၄၉ ခန်း၌ စုစုပေါင်း ပုဒ်မ ၆၅၂ ပုဒ်မ ပါဝင်သည်။ ယခုလက်ရှိ ကိုဒ်ဥပဒေသည် တီထွင်ဆန်းသစ်မှုရှိ၍ "ဂျူဒီကေးရှား ဥပဒေ (Judicature Acts)" များနှင့် ထိုဥပဒေတို့တွင် ပါဝင်သော "နည်းပညာများ (Rules)" နှင့်အညီ ရေးဆွဲထားခြင်း ဖြစ်သည်။ လက်ရှိ ကိုဒ်ဥပဒေတွင် နှစ်ပိုင်း ပါဝင်သည်။ ပထမပိုင်းသည် အနည်းနှင့်အများ အမာခံဥပဒေ အသွင်လက္ခဏာဆောင်၍၊ ဒုတိယပိုင်းသည် ယန္တရားပိုင်းနှင့် စပ်ဆိုင်ပေသည်။ ကိုဒ်ဥပဒေ၏ ကိုယ်ထည်အဖြစ် ဖွဲ့စည်းထားသော ပုဒ်မများသည် ပထမပိုင်းဖြစ်၍ ဇယား (၁)ပါ နည်းပညာနှင့် "အမိန့် (Orders)" တို့သည် ဒုတိယပိုင်း ဖြစ်ကြကုန်သည်။

ပထမပိုင်းနှင့် ဒုတိယပိုင်းတို့ဒ ခြားနားချက်ကား ဤသို့တည်း။ ပထမပိုင်းပါ ပုဒ်များကို ဥပဒေပြုအဖွဲ့အစည်းမှလွဲ၍ မည်သူကမျှ ပြင်ဆင်ဖြည့်စွက်ခြင်း မပြုနိုင်ပေ။ ဒုတိယပိုင်းပါ နည်းပညာတို့ကိုမူကား ဟိုက်ကုတ်ခေါ် တရားလွှတ်တော်နှင့် တရားရုံးချုပ်တို့က ပယ်ဖျက်နိုင်သည်၊ ပြင်ဆင်နိုင်သည်၊ ဖြည့်စွက်နိုင်သည်။ မည်သည့် နည်းဥပဒေတို့ကိုမဆို ပယ်ဖျက်ပြင်ဆင်ဖြည့်စွက်ရာတွင် တရားလွှတ်တော်နှင့် တရားရုံးချုပ်တို့သည် ပထမပိုင်းပါ ပုဒ်များမှ မတိမ်းမစောင်းသွားရန် အထူးသတိထားရမည်။

တရားလွှတ်တော်နှင့် တရားရုံးချုပ်တို့သည် နည်းဥပဒေများကို ပယ်ဖျက်၊ ပြင်ဆင်၊ ဖြည့်စွက်ရာ၌ လက်မနှေးခဲ့ကြပေ။ ပယ်ဖျက်၊ ပြင်ဆင်၊ ဖြည့်စွက်သည့် လုပ်ငန်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် နေရာအနှံ့ ပြုလုပ်လာသည်နှင့် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်းမှုများ ပြန်ပေါ်နိုင်ပေသည်။ ဤအခြင်းအရာသည် နှစ်မြို့ဖွယ်ရာ မဟုတ်ပေ။ တရားလွှတ်တော်များနှင့် စပ်လျဉ်း၍ မူ ၎င်းတို့၌ "မူလစီရင်ပိုင်ခွင့်အာဏာ (Original Jurisdiction)" ကို ကျင့်သုံး၍ မိမိတို့နှင့် ကိုက်ညီသော သီးခြားနည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

ဤနည်းပညာတို့သည် ကိုဓဋ္ဌပဒေနှင့် ချွတ်ချော်နိုင်စေကာမူ “လက်တာပေတင့် (Letter Patent)” ဥပဒေနှင့်ကား မချွတ်ချော်မကွဲလွဲရပေ။ လက်တာပေတင့်ဥပဒေသည် တရားလွှတ်တော်များ ဖွဲ့စည်းတည်ထောင်သော ကိစ္စများနှင့် ပတ်သက်သည်။

လက်ရှိ ကိုဓဋ္ဌပဒေသည် ၁၉၇၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ စတင် အသက်ဝင် အတည်ဖြစ်ခဲ့သည်။ ဇယားဝင် (၁) ၌ ဖော်ပြထားသော နယ်ပယ်များမှအပ ကျန်ဒေသအားလုံးတွင် ဤကိုဓဋ္ဌပဒေသည် အကျုံးဝင်စေရမည်ဟု မူလက အဆိုရှိခဲ့သည်။ သို့သော် အိန္ဒိယနှင့် မြန်မာ ခွဲရေးတွဲရေး ကိစ္စပြီးသည့်နောက် မြန်မာပြည်၌ ခြွင်းချန်နယ်ပယ်များဟူ၍ မထားရှိတော့ပေ။ ကိုဓဋ္ဌပဒေနှင့်စပ်လျဉ်း၍ နယ်မြေအရ အားလုံး တစ်ပြေးတည်း ဖြစ်ခဲ့သည်။ သို့ရာတွင် ဟိုက်ကုတ်ခေါ် တရားလွှတ်တော်နှင့် စမော်ကော်ရုံးတို့အတွက်မူကား သီးခြားပြဋ္ဌာန်းထားသော နည်းဥပဒေများမှလွဲ၍ ကျန်ကိစ္စအဝဝ၌ ကိုဓဋ္ဌပဒေအတိုင်း ကျင့်သုံးစေသည်။

*

အခန်း (၂)

## တရားမရုံးများနှင့် ၎င်းတို့၏ စီရင်ပိုင်ခွင့်အာဏာ

ရုံးများဖွဲ့စည်းတည်ထောင်ပုံ

၁၈၅၈ ခုနှစ် မတိုင်မီအထိ အိန္ဒိယပြည်ကို အရှေ့အိန္ဒိယကုမ္ပဏီက စိုးမိုးအုပ်ချုပ်သည်။ အရှေ့အိန္ဒိယကုမ္ပဏီ လက်ထက်ကပင် တရားရုံးများ ပေါ်ပေါက်ခဲ့ပြီး ဖြစ်သည်။ ၁၈၅၈ ခုနှစ်တွင် ဗြိတိသျှပါလီမန် လွှတ်တော်က အိန္ဒိယပြည်အစိုးရဆိုင်ရာ အက်ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းလိုက်ရာ ထိုအက်ဥပဒေအရ အိန္ဒိယပြည်အစိုးရသည် အရှေ့အိန္ဒိယကုမ္ပဏီလက်ဝယ်မှ ဗြိတိသျှ ဝိတိုရိယဘုရင်မကြီးလက်ထဲသို့ လက်ပြောင်းလက်လွှဲ ဖြစ်သွားခဲ့သည်။ ထိုသို့ လွှဲပြောင်းပြီး သုံးနှစ်အကြာ ၁၈၆၁ ခုနှစ်တွင် ဗြိတိသျှပါလီမန်လွှတ်တော်က “စတေးကျူး (Statute)” နှစ်ရပ်ကို ပြဋ္ဌာန်းခဲ့သည်။ ဟိုက်ကုတ်အက်ဥပဒေနှင့် အိန္ဒိယကောင်စီ အက်ဥပဒေတို့ဟူ၍ တွင်သည်။

ဟိုက်ကုတ်အက်ဥပဒေသည် ဝိတိုရိယဘုရင်မကြီးအား ဟိုက်ကုတ်ခေါ် တရားလွှတ်တော် များအား ပြည်နယ်အသီးသီး၌ တည်ထောင်ဖွဲ့စည်းနိုင်ရန် အာဏာအပ်နှင်းထားခြင်း ဖြစ်သည်။ ဤအာဏာကို ကျင့်သုံး၍ တရားလွှတ်တော်များ တည်ထောင်ဖွဲ့စည်းရာတွင် တရားလွှတ်တော်တစ်ခုစီတွင် ချာတာတစ်ခုစီ ရှိကြရ၏ ။ ဤချာတာများနှင့်အညီ တရားလွှတ်တော်များကို “ချာတာတရားလွှတ်တော်(Chartered High Courts)” များဟူ၍ ခေါ်ဝေါ်စမှတ်ပြုခဲ့ကြသည်။ ဟိုက်ကုတ်အက်ဥပဒေပါ အပ်နှင်းထားသော

အာဏာများကို အသုံးပြုလျက် ဘင်္ဂလားပြည်နယ်အတွက် ကာလကတ္တား တရားလွှတ်တော်၊ ဘုံဘေ ပြည်နယ်အတွက် ဘုံဘေတရားလွှတ်တော်၊ မဒရပ်ပြည်နယ်အတွက် မဒရပ်တရားလွှတ်တော်ဟူ၍ ၁၈၆၂ ခုနှစ်တွင် အသီးသီး ဖွဲ့စည်းတည်ထောင်ခဲ့သည်။

၁၈၆၆ ခုနှစ်တွင် အလာဟာဘတ် တရားလွှတ်တော်ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြန်သည်။ တရားလွှတ်တော် တစ်ခုစီအတွက် ချာတာတစ်ခုစီရှိလေရာ ဤချာတာတို့သည် တရားလွှတ်တော်တစ်ခုစီ၏ စီရင်ပိုင်ခွင့် အာဏာ၊ ဤအာဏာ၏ အတိုင်းအတာနှင့် ဤအာဏာ၏ မူလဘူတအကြောင်းခံတို့ကို အနက်ဖွင့်ဆိုထားလေသည်။

အိန္ဒိယကောင်စီ အက်ဥပဒေဟုတွင်သည့် စတေးကျူးသည် အိန္ဒိယဘုရင်ခံချုပ်အား အခြားတရားရုံးများ တည်ထောင်ဖွဲ့စည်းရန် အာဏာအပ်နှင်းခြင်းပင် ဖြစ်သည်။ ယင်းသို့ အပ်နှင်းထားသော အာဏာများကို အသုံးပြုလျက် ဘုရင်ခံချုပ်သည် တရားရုံးအမြောက်အများ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ထိုအနက် စမော်ကော်ရုံး၊ ခရိုင်တရားမတရားသူကြီးရုံးများ အသီးသီး ပါဝင်ခဲ့လေသည်။ ဤရုံးများ၏ စီရင်ပိုင်ခွင့် အာဏာကို အိန္ဒိယကောင်စီ အက်ဥပဒေတွင် အတိအလင်း ရှင်းလင်းထားလေသည်။

*

စီရင်ပိုင်ခွင့်အာဏာ

"စီရင်ပိုင်ခွင့်ခွင့်အာဏာ" ဟူသော စကားအသုံးအနှုန်းကို ရှေးဦးစွာ အနက်ဖွင့်ဆိုရန် လိုအပ်၏။ ယင်းအနက်ကို သိမှသာ တရားရုံးတို့၏

စီရင်ပိုင်ခွင့်အာဏာ အတိုင်းအတာနှင့် ဤအာဏာ၏
သဘာဝမူလအကြောင်းစဉ်တို့ကို နားလည်သဘောပေါက်နိုင်မည် ဖြစ်သည်။
စီရင်ပိုင်ခွင့် အာဏာဆိုသည်မှာ တရားရုံးတစ်ခု၏ တရားစွဲဆိုလာသော အမှုနှင့်
လျှောက်လွှာများကို လက်ခံစစ်ဆေးနိုင်သော အာဏာအတိုင်းအတာ မည်သည်။

(ဤနေရာ၌ "အမှု (Suit)" နှင့် "လျှောက်လွှာ (application)" တို့
ခြားနားကြောင့် မှန်းဆထားရမည်။ စာရေးသူ။)

"မူလစီရင်ပိုင်ခွင့် အာဏာ (Original Jurisdiction)" နှင့်
"အယူခံစီရင်ပိုင်ခွင့်အာဏာ (Appellate Jurisdiction)

တရားရုံးတစ်ခု၌ မူလစီရင်ပိုင်ခွင့်အာဏာ ဖြစ်စေ၊ အယူခံ စီရင်ပိုင်ခွင့်
အာဏာဖြစ်စေ တစ်ရပ်ရပ် ရှိနိုင်၏ ။ သို့တည်းမဟုတ် မူလနှင့်
အယူခံအာဏာနှစ်ရပ်စလုံး ရှိနိုင်သည်။ မူလစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးရာတွင်
ရုံးတော်တစ်ရပ်သည် မိမိရုံး၌ စတင်စွဲဆိုလာသော မူလအမှုကို စစ်ဆေးရမည်။
အယူခံစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးရာတွင်မူ အောက်ရုံးမှ ချမှတ်လိုက်သော
ဒီကရီကို မကျေနပ်၍ အယူခံဝင်လာသော အမှုများကို ကြားနာစစ်ဆေးရမည်။

မူလဘက် စီရင်ပိုင်ခွင့်အာဏာ သက်သက်သာရှိ၍ အယူခံစီရင်ပိုင်ခွင့်
အာဏာ မရှိသေး တရားရုံးများ ရှိ၏ ။ စမော်ကော်ရုံးများသည် ဤသို့သော ရုံးများ
ဖြစ်ကြလေသည်။ တချို့သော ကိစ္စတို့တွင် မူလဘက်အာဏာမရှိဘဲ
အယူခံစီရင်ပိုင်ခွင့် အာဏာသာရှိသော ရုံးများလည်း ရှိတတ်၏ ။ ဥပမာ -
အိန္ဒိယပြည်၊ အလာဟာဘတ် တရားလွှတ်တော်သည် မူလစီရင်ပိုင်ခွင့်
အာဏာရှိသော တရားရုံး မဟုတ်ပေ။ ဆိုလိုသည်မှာ ဤရုံး၌ အမှုတစ်မှုကို
စတင်မစွဲဆိုနိုင်ခြင်း ဖြစ်သည်။ သို့ရာတွင် အလာဟာဘတ် ပြည်နယ်အတွင်းရှိ
အောက်ရုံးများမှ ချမှတ်ပေးလိုက်သော ဒီကရီများကို မကျေနပ်၍
အယူခံဝင်လာသည်ရှိသော ဤရုံးက လက်ခံကြားနာ စစ်ဆေးနိုင်ပေသည်။
တချို့သော ရုံးတို့သည် မူလဘက်နှင့် အယူခံဘက် အာဏာနှစ်ရပ်စလုံး ရှိကြ၏ ။

ဥပမာ - ကာလကတ္တား၊ မဒရပ်၊ ဘုံဘေနှင့် ရန်ကုန်တရားလွှတ်တော်တို့နှင့် ခရိုင်တရားမရုံးတို့သည် ယင်းစီရင်ပိုင်ခွင့်အာဏာ နှစ်ရပ်စလုံး ရှိကြ၏ ။

"နယ်မြေ (Local Limits)"၊ "တန်ဖိုး (Pecuniary)နှင့် "အမှုဖြစ်အကြောင်းပစ္စည်း (Subject-matter)

အသီးသီးသော ကန့်သတ်ချက်တို့နှင့် စပ်လျဉ်း၍ စီရင်ပိုင်ခွင့်အာဏာ

စီရင်ပိုင်ခွင့်အာဏာဟု ဆိုလျှင် နောက်ထပ် သုံးမျိုး ပြောနိုင်သေး၏ ။

(၁) နယ်မြေအကန့်အသတ်နှင့် စပ်လျဉ်း၍ လည်းကောင်း၊

(၂) တန်ဖိုးအကန့်အသတ်နှင့် စပ်လျဉ်း၍ လည်းကောင်း၊

(၃) အမှုဖြစ်အကြောင်းပစ္စည်း အကန့်အသတ်နှင့် စပ်လျဉ်း၍ လည်းကောင်း စီရင်ပိုင်ခွင့်အာဏာ ကန့်သတ်ချက် ရှိလေသည်။

ရုံးတိုင်း၌ နယ်မြေအကန့်အသတ် ရှိ၏ ။ ဤကန့်သတ်ချက်မှ ကျော်လွန်သောဒေသတို့တွင် စီရင်ပိုင်ခွင့် မရှိချေ။ ဤကန့်သတ်ချက်များကို အမိန့်ပြန်တမ်း ထုတ်ဆင့်၍ နိုင်ငံအစိုးရက ပြဋ္ဌာန်းထားသည်။ ဤအမိန့်ပြန်တမ်းသည် အစိုးရပြန်တမ်းတွင် ပါဝင်ရသည်။ တန်ဖိုး အကန့်အသတ်နှင့် စပ်လျဉ်း၍ မူ တချို့သော ရုံးများအတွက် တန်ဖိုးအကန့်အသတ် မထားပေ။ ဤနေရာ၌ တန်ဖိုးဆိုသည်မှာ တရားမမူလမှု၏ သို့တည်းမဟုတ် အယူခံမှု၏ အချင်းဖြစ်ပွားငွေပေါင်းကို ဖြစ်စေ၊ အချင်းဖြစ်အကြောင်းပစ္စည်း၏ တန်ဖိုးကို ဖြစ်စေ ဆိုလိုသည်။

တရားလွှတ်တော် တချို့သောခရိုင် တရားမရုံးနှင့် တချို့သော ရုံးတို့တွင် တန်ဖိုး အကန့်အသတ်ဖြင့် စီရင်ပိုင်ခွင့်အာဏာကို ချုပ်ချယ်ကန့်သတ်ထားခြင်း မရှိပေ။ သို့ရာတွင် တခြားသော ရုံးများအတွက်မူ တန်ဖိုးအကန့်အသတ်ဖြင့် စီရင်ပိုင်ခွင့်အာဏာကို ကန့်သတ်ထားပေသည်။ ဥပမာ မြို့နယ် တရားမရုံးသည်

ငွေကျပ် ၁,၀၀၀ (ငွေကျပ် တစ်ထောင်) တန်အထက် အမှုများကို ကြားနာစစ်ဆေးပိုင်ခွင့် မရှိ၊ နယ်ပိုင်တရားမ တရားရုံးသည် ငွေကျပ် ၅,၀၀၀ (ငွေကျပ် ငါးထောင်) တန်အထက်အမှုများကို စစ်ဆေးခွင့် မရှိ၊ ရာဘတ်ခရိုင်တရားမ တရားသူကြီးသည် ငွေကျပ် ၁၅,၀၀၀ (ငွေကျပ် တစ်သောင်းငါးထောင်) တန် အထက်အမှုများကို စစ်ဆေးပိုင်ခွင့် မရှိ၊ ခရိုင်တရားမရုံးသည် တန်ဖိုးအကန့်အသတ်မရှိ၊ မည်သည့် တရားမမှုကြီးများကို မဆို စီရင်ပိုင်ခွင့်အာဏာရှိသည်။ မြန်မာနိုင်ငံ၌ တန်ဖိုးနှင့် စပ်လျဉ်း၍ စီရင်ပိုင်ခွင့်အာဏာကို တော်လှန်ရေးကောင်စီဥက္ကဋ္ဌက အမိန့်ပြန်တမ်းထုတ်၍ တိုးချဲ့နိုင်ပေသည်။ (တရားရုံးလက်စွဲပုဒ်မ ၁၁၃(၁)၊ (၂)၊ (၃) တို့ကို ကြည့်ပါ။)

ငင်းပြင် တစ်စုံတစ်ရာသော အမှုများကို လက်ခံစစ်ဆေးခွင့် မရှိသော တရားရုံးများလည်း ရှိသေးသည်ကို သတိချပ်ရာသည်။ စမော်ကော်ရုံးများသည် အသရေပျက်မှုအတွက် လျော်ကြေးစွဲဆိုသော အမှု၊ ပဋိညာဉ်အတိုင်း ဆောင်ရွက်စေရန် စွဲသောအမှု၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ခွဲဝေရန် စွဲဆိုမှု၊ အစုစပ်လုပ်ငန်း ဖျက်သိမ်းရန် စွဲဆိုမှုနှင့် အစုစပ်လုပ်ငန်း စာရင်းရှင်းရန် စွဲဆိုမှုများကို ကြားနာစစ်ဆေးနိုင်ခွင့် မရှိကြပေ။ ဤသည်ကို အမှုဖြစ်ပစ္စည်းနှင့် စပ်လျဉ်း၍ ရုံးတစ်ရုံး၏ စီရင်ပိုင်ခွင့်အာဏာဟု ခေါ်တွင်သည်

"သာမန်မူလဘက် စီရင်ပိုင်ခွင့်အာဏာနှင့် အထူး မူလဘက်ဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာ"

မူလဘက် စီရင်ပိုင်ခွင့်အာဏာ၌ သာမန်စီရင်ပိုင်ခွင့်အာဏာနှင့် အထူးစီရင်ပိုင်ခွင့် အာဏာဟူ၍ နှစ်မျိုး ရှိသေး၏ ။ သာမန်မူလဘက်ဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာ ဆိုသည်မှာ မိမိရုံး၌ စတင်စွဲဆိုလာသော အမှုများကို လက်ခံကြားနာစစ်ဆေးခြင်း ဖြစ်၏ ။ အထူးစီရင်ပိုင်ခွင့် အာဏာဆိုသည်မှာ တရားမျှတမှု ရရန်အလို့ငှာ အောက်ရုံးများ၌ စစ်ဆေးနေသော အမှုများကို ထိုအောက်ရုံးများမှ ရုပ်သိမ်းစေ၍ မိမိရုံးသို့ ခေါ်ယူကာ မိမိကပင်

မူလဘက်အာဏာသုံးပြီး ကြားနာစစ်ဆေးခြင်း ဖြစ်လေသည်။

ဤအထူးအာဏာသည် နိုင်ငံတော်တရားရုံးချုပ်၌ သာ ရှိသည်။

*

တရားမရုံးအဆင့်ဆင့်

၁၉၅၀ ပြည့်နှစ် (အက်ဥပဒေ ၅၅) တရားရုံးများ အက်ဥပဒေအရ အောက်ပါအဆင့်အတန်း အတိုင်း တရားမရုံးများ ရှိရသည်။

(က) ခရိုင်တရားမရုံး

(ခ) ရာဘတ်ခရိုင်တရားမရုံး

(ဂ) နယ်ပိုင်တရားမရုံး

(ဃ) မြို့နယ်တရားမရုံး

ဤသို့ အဆင့်အတန်းအားဖြင့် လေးဆင့်ရှိစေကာမူ အခြေခံအားဖြင့် တရားမရုံးများ တည်ထောင်လျက်...

(၁) တရားမ ခရိုင်အသီးသီးအတွက် ခရိုင်တရားမရုံး၊

(၂) တရားမနယ်ပိုင် နယ်အသီးသီးအတွက် နယ်ပိုင်တရားမရုံး၊

(၃) တရားမမြို့နယ် အသီးသီးအတွက် မြို့နယ်တရားမရုံးတို့ဟူ၍ တည်ထောင်ရမည်။

(က) မူလစီရင်ပိုင်ခွင့်အာဏာ

(၁) ဤတရားရုံးသုံးရုံးအနက် ခရိုင်တရားမရုံးသည် အဓိကအကျဆုံးရုံး

ဖြစ်လေသည်။ တစ်နည်းဆိုလျှင် ခရိုင်တစ်ခု၌ ဤခရိုင်တရားမရုံးသည် အမြင့်ဆုံးရုံး ဖြစ်လေသည်။ တန်ဖိုးနှင့် စပ်လျဉ်း၍ ဤရုံးတွင် ကန့်သတ်ချက် မရှိပေ။

(၂) ဒုတိယအဆင့်၌ ရှိသော နယ်ပိုင်တရားမရုံးသည် တန်ဖိုးနှင့် စပ်လျဉ်း၍ စီရင်ပိုင်ခွင့်အာဏာ ကန့်သတ်ချက် ရှိသည်။ တန်ဖိုးငွေကျပ် ၅,၀၀၀ (ငွေကျပ်ငါးထောင်) ထက်ပိုသော မူလအမှုများကို စစ်ဆေးကြားနာခွင့် မရှိပေ။ ဤနေရာ၌ အိန္ဒိယပြည်နှင့် မြန်မာနိုင်ငံတို့ ခြားနားသည်ကို သတိချပ်ရာသည်။ အိန္ဒိယပြည် တချို့သော ပြည်နယ်တို့၌ နယ်ပိုင်တရားမရုံးများအတွက် တန်ဖိုးကန့်သတ်ချက် မထားရှိပေ။ တရားမမှုမှန်သမျှကို မည်သည့်တန်ဖိုးပင် ရှိစေကာမူ လက်ခံစစ်ဆေးနိုင်သည်။

(၃) တတိယအဆင့်၌ မြို့နယ်တရားမရုံးသည် တန်ဖိုးကို မူတည်၍ မူလစီရင်ပိုင်ခွင့် အာဏာကန့်သတ်ချက်ရှိ၏။ ၎င်းရုံးသည် တန်ဖိုးငွေ ၁၀၀၀ ကျပ် (တစ်ထောင်ကျပ်) ထက်မပိုသော မူလအမှုများကိုသာ လက်ခံစစ်ဆေးနိုင်သည်။ ထို့ထက်ပိုလျှင် လက်ခံစစ်ဆေးနိုင်ခွင့် မရှိ။

(ခ) အယူခံမှုစီရင်ပိုင်ခွင့်အာဏာ

အထက်ဖော်ပြပါ တရားမရုံး သုံးမျိုးသုံးစားအနက် ခရိုင်တရားမရုံးသာလျှင် အယူခံမှုကို စီရင်ပိုင်ခွင့်အာဏာ ရှိ၏။

(၁) တတိယအဆင့်ရှိ တရားမရုံးများမှ ချမှတ်သော ဒီကရီများကို မကျေနပ်လျှင်

(၂) ဒုတိယအဆင့်ရှိ တရားမရုံးမှ ချမှတ်သော ဒီကရီကို မကျေနပ်လျှင် ခရိုင်တရားမရုံးသို့ အယူခံဝင်ခွင့် ရှိ၏။

တရားလွှတ်တော်သို့ အယူခံဝင်နိုင်သော အမှုများမှာ...

(၁) သတ်မှတ်ထားသော တန်ဖိုးထက်ပိုနေသော အမှုကို

ဒုတိယအဆင့်ရှိရုံးက လက်ခံစီရင်၍ ထိုရုံးမှပင် ချမှတ်လိုက်သော ဒီကရီကို မကျေနပ်သောအမှု၊

(၂) ခရိုင်တရားမရုံးက ချမှတ်လိုက်သော ဒီကရီကို မကျေနပ်သောအမှုတို့ ဖြစ်လေသည်။

အထက်ဖော်ပြပါ တရားမရုံးများအပြင် စမော်ကော်ရုံးများလည်း ရှိသေး၏။ စမော်ကော်ရုံးများအတွက် အက်ဥပဒေကို (အက်ဥပဒေအမှတ်-၉) စမော်ကော်ရုံးများ အက်ဥပဒေဟူ၍ ခေါ်တွင်စေကာ ၁၈၈၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့က ပြဋ္ဌာန်းထားခဲ့သည်။

တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည် ရန်ကုန်မြို့အပ ခရိုင်ဒေသတို့၌ အမိန့်ပြန်တမ်း ထုတ်ဆင့်ကာ စမော်ကော်ရုံးများ ဖွဲ့စည်းတည်ထောင်နိုင်လေသည်။ စမော်ကော်ရုံးများ၏ တန်ဖိုးအကန့်အသတ်မှာ ငွေကျပ် ၅၀၀ (ကျပ်ငါးရာ) သာ ရှိသည်။ တန်ဖိုးငွေကျပ် ၅၀၀ (ကျပ်ငါးရာ) ထက်ပိုသော အမှုများကို စမော်ကော်ရုံးများက စစ်ဆေးပိုင်ခွင့် မရှိပေ။ ထို့အပြင် စမော်ကော်ရုံးများ အက်ဥပဒေပါဇယား (၂) တွင် ဖော်ပြပါရှိထားသည့်အတိုင်း အမှုမျိုးပေါင်း ၄၄ မျိုးကို စမော်ကော်ရုံးများက စီရင်ပိုင်ခွင့်အာဏာ မရှိပေ။

စည်းကမ်းသုံးချက် ။ ။ အထက်ဖော်ပြပါ တရားမရုံးများ အဆင့်ဆင့် တည်ထောင်ပုံကို သိပြီးသည့်နောက်တွင် စာဖတ်သူသည် အောက်ပါအလွန်အရေးကြီးသည့် စည်းကမ်းသုံးချက်ကို နားလည်သဘောပေါက်လိမ့်မည်ဟု မျှော်လင့်ရသည်။

၁။ အမှုဖြစ်အကြောင်းပစ္စည်း၏ တန်ဖိုးသည် စီရင်ပိုင်ခွင့်အာဏာ၏ တန်ဖိုးအကန့်အသတ်ထက် ကျော်လွန်နေသော ထိုသို့သော အမှုမျိုးကို မည်သည့်ရုံးကမှ လက်ခံစစ်ဆေးခြင်း မပြုရပေ။ ဥပမာ စမော်ကော်ရုံးတစ်ရုံးသည် အမှုဖော်ပြသော တန်ဖိုးသည် ငွေကျပ် ၅၀၀ (ငွေကျပ် ငါးရာ) ကျပ်ထက်

ကျော်လွန်ပါက ထိုသို့ကျော်လွန်သော အမှုကို လက်ခံမစစ်ဆေးနိုင်၊ (တရားမကျင့်ထုံး ဥပဒေပုဒ်မ ၆)

၂။ အချင်းဖြစ် အကြောင်းပစ္စည်းများကို လိုက်၍ မည်သို့သော အမှုမျိုးကို လက်ခံစစ်ဆေးခြင်း မပြုရဟု ပိတ်ပင်ထားရှိခြင်း ခံရသော ရုံးတို့သည် မိမိတို့လက်ခံ မစစ်ဆေးရဟု ပြဋ္ဌာန်းထားသော အမှုများကို လက်ခံကြားနာ စစ်ဆေးခြင်း မပြုရပေ။ ဥပမာ စမော်ကော်ရုံးသည် မရွှေ့မပြောင်းနိုင်သော ပစ္စည်းပြန်လည် ရရှိရေးစွဲဆိုမှုမျိုးကို လက်ခံခြင်း မပြုရပေ။

၃။ အမှုမှန်သမျှသည် စီရင်ပိုင်ခွင့်ရှိသော အောက်အနိမ့်ဆုံး အဆင့်ရုံး၌ စတင်စွဲဆိုရမည်၊ (ပုဒ်မ-၁၅) ရံဖန်ရံခါ၌ တချို့သော အမှုများသည် အဆင့်နိမ့်ရုံးကော အဆင့်မြင့်ရုံးကပါ စစ်ဆေးစီရင်ခွင့်အာဏာ ရှိနေတတ်၏ ။ ထိုသို့ စီရင်ပိုင်ခွင့်အာဏာခြင်း တူနေပါက အဆင့်နိမ့်ရုံး၌ စတင်စွဲဆိုရပေမည်။ ဤသို့ဆို၍ အဆင့်မြင့်ရုံးမှ စီရင်ပိုင်ခွင့်အာဏာ မရှိအောင် ဤပုဒ်မက ဖယ်ရှားပစ်ရာရောက်သည်ဟု မယူဆရပေ။

အဆင့်နိမ့်ရုံး၌ တရားစွဲဆိုပိုင်ခွင့်ရှိသည့် အမှုကို အာဏာရှိသော အဆင့်မြင့်ရုံးက မူလလက်ခံ၍ ကြားနာစစ်ဆေးလျှင် မှားယွင်းမှုမှာ အမှုတစ်ခုလုံးကို ပျက်ပြယ်စေနိုင်သည် မဟုတ်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၉ အရ ဤအမှားကို ကုစားနိုင်ပေသည်။

တစ်ဖက်တွင် တန်ဖိုးနည်းစေကာမူ အမှု၏ သဘာဝသည် အဆင့်အနိမ့်ဆုံးက မစစ်ဆေးရသော အမှုမျိုးဖြစ်လျှင် အဆင့်မြင့်ရုံး၌ စတင်၍ မူလတရားစွဲဆိုနိုင်သည်။

စမော်ကော်ရုံးများ၌ "သီးသန့်စီရင်ပိုင်ခွင့်အာဏာ" များ ရှိကြသည်။ ဆိုလိုသည်မှာ စမော်ကော်ရုံးမှ စီရင်ပိုင်ခွင့်ရှိသော အမှုများကို ဤစမော်ကော်ရုံး၏ ဒေသအတွင်းရှိ မည်သည့်တရားရုံးကမှ လက်ခံကြားနာ စစ်ဆေးခြင်းမပြုရပေ။

အခြားအရေးကြီးသော မှုတစ်ရပ် ရှိသေး၏ ။ ဤကား တရားမရုံးများသည် တရားမမှု စစ်စစ်များကိုသာ လက်ခံစစ်းဆေးရမည်ဆိုသော အချက်ပင် ဖြစ်သည်။ တရားမမှုအဖြစ် စွဲဆိုလာစေကာမူ တရားမမှု မဟုတ်သည့် ကိစ္စရပ်များ ရှိတတ်၏ ။ ထိုအခါတွင် ယင်းကဲ့သို့သော အမှုမျိုးကို လက်မခံရပေ။ မိမိထံတင်လာသော အမှုများသည် တရားမမှု ဟုတ်/မဟုတ် တရားမရုံးများက အမှုလက်မခံမီ အဓိကစစ်ကြောရသည်။

*